
# ကမ္ဘာလုံးနှင့် သူ၏သူငယ်ချင်းများ




ပြန်လည်ပြင်ဆင်ခြင်း ၂၀၁၃။


စီမံချက်ကန့်သတ်နယ်မြေအတွင်း အသုံးပြုရန်။

# နိဒါန်း


ဤစာအုပ်သည် ကလေးများအား သဘာဝပတ်ဝန်းကျင်သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်ပတ်သက်နေကြောင်းနှင့် ထိုသဘာဝတို့သည် ကမ္ဘာကြီးအတွက် မည်မျှ အသုံးဝင်ကြောင်း စတင်သင်ကြားပေးခြင်း ဖြစ်ပါသည်။ ကလေးများ ငယ်ရွယ်စဉ် ကတည်းကပင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် သင်ကြား ပေးနိုင်ပါသည်။ သင်စာဖတ်နေချိန်တွင် ကလေးများ စိတ်ဝင်စားအောင် ကမ္ဘာလုံးကြီးမှ စကားပြောသကဲ့သို့ အသံအနိမ့်အမြင့်သုံး၍ ဖတ်ပါ။



“ညီလေး၊ ညီမလေးတို့ရေ တို့ရဲ့နာမည်ကို ကမ္ဘာလုံးလို့ ခေါ်တယ်။ တို့မှာ နေ၊ လ၊ လေနဲ့ မိုးရေလို့ခေါ်တဲ့ သူငယ်ချင်းလေးယောက် ရှိတယ်။ လာကြ သူတို့နဲ့ မိတ်ဆက်ပေးမယ်။”



“သူဟာ တို့ရဲ့သူငယ်ချင်း ‘နေ’ ဖြစ်တယ်”



“ဟော့ တို့ရဲ့နာမည်က နေပါ။ ကမ္ဘာနဲ့ သူငယ်ချင်းဖြစ်လာတာ ကြာပြီ။ ငါတို့ တစ်ယောက်နဲ့တစ်ယောက် အရမ်းခင်ကြတယ်။ တို့က ကမ္ဘာလုံးကို နေရောင်ခြည်နဲ့ အပူစွမ်းအင်တွေ ပေးတယ်။”



“သူဟာ တို့ရဲ့သူငယ်ချင်း ‘လ’ ဖြစ်တယ်”

“တို့ရဲ့နာမည်က ‘လ’ပါ။ တို့ဟာ လှပတဲ့ ကြယ်လေးတွေနဲ့အတူ ကောင်းကင်ယံမှာ နေပါတယ်။ တို့ကတော့ ညအချိန်မှာ တစ်ကမ္ဘာလုံးကို အလင်းရောင်ပေးတယ်”




"သူဟာ တို့ရဲ့သူငယ်ချင်း 'မိုးရေ' ဖြစ်တယ်"

"တို့ဟာ မိုးရေပါ။ ကမ္ဘာပေါ်မှာရှိတဲ့ သစ်ပင်ပန်းမာန်၊ တိရစ္ဆာန်နဲ့ လူတွေကို ရေရအောင် မိုးရွာချပေးတယ်။ စိုက်ပျိုးရေးအတွက်လည်း ရေတွေပေးပါတယ်။"


သူဟာ တို့ရဲ့သူငယ်ချင်း ‘လေ’ ဖြစ်တယ်”




“ဝူး - ဝူး တို့ဟာ ‘လေ’ပါ၊ တစ်ခါတလေ တို့ပြင်းထန်စွာ တိုက်ခတ်ပြီး
တစ်ခါတလေမှာတော့ လေပြေလေညှင်းတွေအဖြစ် တိုက်ခတ်ပါတယ်။
လေဟာ ကမ္ဘာမြေကြီးပေါ်မှာရှိတဲ့ သက်ရှိတွေအတွက် သိပ်အရေးကြီးပါတယ်။”



“အခု တို့ရဲ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးပြီးပြီ။ တို့အကြောင်းလေးကို ပြောပြမယ်။ တို့ရဲ့နာမည်က ‘ကမ္ဘာလုံး’ပါ။ တို့ဟာ မြေကြီး၊ သစ်ပင်၊ ဝါးပင်၊ ပန်းမျိုးစုံ၊ တိရစ္ဆာန်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်နဲ့ လူတွေရဲ့ အိမ်ဖြစ်တယ်။ တို့တွေဟာ မိသားစုတွေဖြစ်တယ်။




"တို့ဟာ မြေကြီးဖြစ်တယ်။ ကောင်းတဲ့ မြေဩဇာပေါ်မှာ အပင်တွေ
ပေါက်ကြတယ်။ တို့ကို စပါး၊ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးပင်တွေ
စိုက်ပျိုးဖို့အတွက် သုံးတယ်။"




“တို့ဟာ သစ်ပင်ဖြစ်တယ်။ တို့က အရိပ်နဲ့ ကောင်းတဲ့ရာသီဥတုကို ပေးတယ်။ တို့ကို အိမ်၊ ပစ္စည်းပရိဘောဂ၊ လှေ၊ သင်္ဘောတွေ ဆောက်ဖို့အတွက်နဲ့ အရိပ်ခိုဖို့အတွက် သုံးတယ်။ တို့နဲ့ တို့ရဲ့သူငယ်ချင်းတွေကို ခုတ်ပစ်လိုက်ရင် ဒီကမ္ဘာကြီးဟာ ပူလောင်ပြီး အရိပ်လည်းရှိတော့မှာ မဟုတ်ဘူး။



“တို့ကို ‘ပန်း’လို့ ခေါ်တယ်။ တို့မှာ သူငယ်ချင်းများစွာ ရှိတယ်။ တို့ဟာ အရောင်အသွေးနဲ့ သင်းပျံ့တဲ့ ရနံ့တွေ ရှိတယ်။ ကမ္ဘာကြီးကို တို့ရဲ့ အလှအပ၊ သင်းပျံ့တဲ့ရနံ့တွေနဲ့ အလှဆင်ပေးနေပါတယ်။”



“တို့ဟာ တိရစ္ဆာန်တွေဖြစ်တယ်။ တို့မှာ အမျိုးပေါင်း များစွာရှိတယ်။ တစ်ချို့ တိရစ္ဆာန်တွေဟာ တောထဲမှာ နေကြပြီး၊ တစ်ချို့က ရေထဲနဲ့ တစ်ချို့က ကောင်းကင်မှာ ပျံသန်းနေကြတယ်။ တို့ဟာ ကမ္ဘာကြီးရဲ့ အလှအပတွေ ဖြစ်တယ်။”



“တို့ဟာ ပင်လယ်ဖြစ်ပါတယ်။ တို့ထဲမှာ ငါး၊ ပုစွန်၊ ဂဏန်းမျိုးစုံ ရှိတယ်။ လှေ၊ သင်္ဘောတွေလည်း တို့အထဲက သွားလာကြတယ်။ တို့ရဲ့ ငန်တဲ့ရေတွေကို ဆားချက်ကြတယ်။”



“တို့ဟာ မြစ်ကြီးဖြစ်တယ်။ မြစ်ချောင်းလေးတွေဟာ တို့ထဲကို စီးဝင်ရာကနေ တို့မြစ်ကြီး ဖြစ်လာပြီးတော့ ပင်လယ်ထဲကို ဆက်ပြီးစီးဝင်သွားတယ်။ တို့ကို လမ်းခရီးအတွက် အသုံးပြုကြတယ်။ တို့ထဲမှာ ငါး၊ ပုစွန်၊ ဂဏန်းတွေ ရနိုင်တယ်။ နွေရာသီအချိန်မှာ စိုက်ပျိုးရေးအတွက် ရေပေးတယ်။”



“တို့ဟာ ‘လူသား’ ဖြစ်ပါတယ်။ တို့ဟာ သဘာဝပတ်ဝန်းကျင်ရဲ့ သူငယ်ချင်းဖြစ်တယ်။
သူတို့ရဲ့ သူငယ်ချင်းကောင်း ဖြစ်ဖို့လိုပါတယ်။ သူတို့နဲ့ အချိန်ကြာရှည်စွာ
နေနိုင်ဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ဖို့ တို့မှာ တာဝန်ရှိပါတယ်။





“သင်ဟာ တို့ရဲ့သူငယ်ချင်း
ဖြစ်တယ်။ တို့အားလုံးဟာ
သဘာဝပတ်ဝန်းကျင်ရဲ့
သူငယ်ချင်းတွေဖြစ်တယ်။တို့ဟာ
တစ်ယောက်နဲ့တစ်ယောက်
ဆက်နွယ်နေတဲ့အတွက်
သဘာဝပတ်ဝန်းကျင်ကြီး
သာယာဖို့အတွက်
တစ်ယောက်နဲ့တစ်ယောက်
ကြည့်ရှုစောင့်ရှောက်ပြီး
ချစ်ခင်စွာ နေကြရမယ်။”











ပြီး